
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
အာစက်လျှာစက်

# အောင်မြတ်သာနှင့်လျှာစက်အာစက်

အောင်မြတ်သာတို့ လည်း ဖိုးရွှေမှ င်ရဲ့ အကူအညီ တောင်းခံမှုကြော င့် ရွာကနေ ထွက်ပြီးပြီးချင်း ဖိုးရွှေမှ င်ရဲ့ ညီဖြစ်သူရှိရာ ရွာဆီကို ထွက် လာခဲ့ကြတယ်။

ခရီးဆက်လာရင်း ရွာတစ်ရွာ ရောက်တော့ ရွာအဝင်ဝမှာ ကြီးမား တဲ့ ညောင်ပင်ကြီး တစ်ပင်ကို တွေ့လိုက်ကြရတယ်။ ညောင်ပင်က နှစ် ကာလသက်တမ်း ဘယ်လောက် ကြာနေပြီလဲဆိုတာ မပြောတတ်ပေမဲ့ လူကြီးလေးဖက် စာလောက်ရှိတဲ့ ညောင်ပင်ရဲ့ ပင်စည်ကိုမြင်ပြီး နှစ် ၁ ဂဂ ကျော် သက်တမ်း ရှိလိမ့်မယ်လို့ ခန့်မှန်းမိခဲ့တယ်။

ညောင်ပင်အောက် ရောက်တော့ အောင်မြတ်သာက

"ဖိုးငွေမှ င် အပင်ပေါ်က ဆင်းခဲ့ပါဦး ကျုပ်တို့ က ဖိုးရွှေမှ င် အကူအ ညီတောင်းလို့ ဒီကို ရောက်လာတာပါ"

လို့ ပြောလိုက်ရော ညောင်ပင်ထိပ်ဖျားကနေ တောင်ဝှေးတစ်ချောင်း ကို ကိုင်ကာ လမ်းလျှောက် ဆင်းလာတဲ့ ယောဂီဝတ်စုံဝတ် အဘိုးအိုတ စ်ယောက်ကို မြင်လိုက်ရတယ်။

ညောင်ပင်ပေါ်က ဆင်းလာတဲ့ အဘိုးအိုက အပင်အောက်ရောက် တော့

"ကျုပ်က ဆရာလေးတို့ ကို စောင့်နေတာ ကျုပ်အစ်ကို ရွှေမှ င်ပြော လို့ ဆရာလေးတို့ အစွမ်းကို သိသင့်သလောက် သိထားပြီးပါပြီ။ ဆရာ လေးတို့ ကို အကူညီ တောင်းချင်တာလေး တစ်ခုရှိတယ်။ ရွှေမှ င်လည်း ပြောပြထားပြီးပြီလို့ ထင်ပါတယ်"

"ဟုတ်ပါတယ်အဘိုး။ ဖိုးရွှေမှ င်က အကြမ်းဖျဉ်းတော့ ပြောပြထားပြီးပါပြီ။ အသေးစိတ် ကိုတော့ ဖိုးငွေမှ င်က ပြောပြပေးပါ။ ဒါမှ ကျုပ်တို့ ဘယ်လို လုပ်ရမယ်ဆိုတာ စဉ်းစားလို့ ရမှာ "

အောင်မြတ်သာရဲ့ စကားကြောင့် ဖိုးငွေမှ င်က

"ဒါဆို ကျုပ်ဗိမ္မာန်ထဲကို ခဏလောက် ကြွခဲ့ပါလား။ အသီးအနှံလေး တချို့နဲ့ ဧည့်ခံရင်း အသေးစိတ် ရှင်းပြပေးပါ့မယ်"

အောင်မြတ်သာက ဖိုးငွေမှ င်ရဲ့ စကားကိုကြားတော့ ဘာမှ မပြော တော့ပဲ ဆိတ်ဆိတ်နေခြင်းဖြင့် ဖိတ်ခေါ်ခြင်းကို လက်ခံလိုက်တယ်။ ဒါ ကို သဘောပေါက်တဲ့ ဖိုးငွေမှ င်က လူကြီး လေးဖက်စာလောက် ရှိတဲ့ ညောင်ပင်ကြီးကို သူ့ရဲ့ တောင်ဝှေးနဲ့ သုံးချက် ခေါက်လိုက်တဲ့ အချိန်မှာ ညောင်ပင်ရဲ့ ပင်စည်ကနေ လူတစ်ကိုယ် ဝင်လို့ ရတဲ့ အပေါက်တစ်ခု ပေါ်လာခဲ့တယ်။

ဖိုးငွေမှ င်က ပေါ်လာတဲ့ အပေါက်ထဲကို အရင်ဆုံး ဝင်သွားပြီး အော င်မြတ်သာတို့ က အနောက်ကနေ လိုက်ဝင်ခဲ့တယ်။ ပင်စည်ထဲကို ဝင် လိုက်တာနဲ့ ညောင်ပင်လို့ မထင်ရလောက်အောင် ခမ်းနားတဲ့ အဆော က်အဦ တစ်ခုထဲကို ရောက်သွားခဲ့တယ်။ အထဲမှာ တော့ လူကြီး၊ လူငယ် ၊ မိန်းမ အရွယ်စုံ သွားလာလှုပ်ရှား နေတာကိုလည်း ထူးဆန်းစွာ မြင်

တွေ့လိုက်ရတယ်။

ဖိုးငွေမှ င်က အထဲကိုရောက်တော့ ထိုင်စရာ နေရာပေးပြီး ကြမ်းပြ င်ကို တောင်ဝှေးနဲ့ ခေါက်လိုက်တဲ့ အချိန် အခန်းလေး တစ်ခုထဲက အ သီးအနှံတွေ ထည့်ထားတဲ့ ငွေလင်ဗန်းကို ကိုင်ပြီး ယောကျ်ားလေးယော က် ထွက်လာခဲ့တယ်။

အဲဒီ ယောကျ်ားလေးယောက်ရဲ့ အသားအရေက သာမန်လူတွေနဲ့ မ တူဘဲ ပြောင်ပြောင် လက်လက် ဖြစ်နေတာကို အောင်မြတ်သာတို့ သတိ ထား မိခဲ့ကြတယ်။

"ဆရာလေး သုံးဆောင်ပါဦး။ ဒါက ကျုပ်ရဲ့ ညှော့ခံမှုပါ။ ဒီအသီးအနှံ တွေက သာမန်လူတွေ စားလို့ မရပါဘူး။ ဆရာလေးတို့လို သီလသမာဓိ နဲ့ ပြည့်စုံတဲ့ သူတွေပဲ စားလို့ ရတာပါ"

အောင်မြတ်သာလည်း ဖိုးငွေမှ င်ရဲ့ စကားအဆုံးမှာ ငွေလင်ဗန်းထဲ က ငှက်ပျောသီး တစ်လုံးကို ယူစားလိုက်တယ်။ သက်ခိုင်နဲ့ တောက်ရ ကလည်း သင့်တော်တဲ့ အသီးတစ်လုံးကို ယူကာ စားလိုက်ကြတယ်။ စားလို့ ပြီးတော့ ဖိုးငွေမှ င်က

"ဒီနေရာက ကျုပ်ရဲ့ ဗိမ္မာန်ပါ။ ခုနက တွေ့တဲ့ သူတွေက ညောင်ပင်ကြီး အောက်မှာ နေတဲ့ မြွေသိုက်က လူတွေပါ"

ဖိုးငွေမှ င်ရဲ့ စကားကြောင့် အောင်မြတ်သာ ခေါင်းတစ်ချက် ညိတ် လိုက်ပြီး

"အခုကြုံနေရတဲ့ ဖြစ်ကြောင်းကုန်စင်ကို ပြောပြပေးပါ အဘိုး"

"လွန်ခဲ့တဲ့ နှစ်သုံးဆယ်က ဒီနယ်တစ်ဝိုက်မှာ မြွေဆိုး အလွန်ပေါခဲ့ တယ်။ ဒီရွာ အနီးတစ်ဝိုက်မှာ နေတဲ့ လူတွေက မြွေကိုက် ခံရပြီဆိုရင်

ရွာထဲက ဆေးဆရာ တစ်ယောက်ဆီမှာ ကုကြရတယ်။ မြို့နဲ့ လည်း ဝေးတော့ တောဆေးဆရာကိုပဲ အားကိုးခဲ့ကြရတယ်။ တချို့ကလည်း ရှင်ကြသလို တချို့ကလည်း သေကြတာပေါ့။ ဒီလိုနဲ့ တစ်ရက်ကျတော့ ရွာထဲကို ဆေးဆရာလိုလို အထက်လမ်း ဆရာလိုလို လူတစ်ယောက် ရောက်လာတယ်။ သူက မြွေတွေကို နိုင်တဲ့ သူလို့ ပြောပြီး မြွေအရမ်းပေါတဲ့ နေရာတွေကို ခြေဗလာနဲ့ သွားပြတယ်။ အဆိပ်ပြင်းတွေ မြွေတွေကို တီကောင်တစ်ကောင်လို ဆော့ကစား ပြတာကိုမြင်တော့ ရွာသားတွေက သူ့ကိုပိုပြီး ယုံကြည်လာကြတယ်။ သူ့ရဲ့ ထူးခြားချက်က လျှာမှာ အနက်ရောင် အစက်သုံးစက် ဖိုခနောက် ဆိုင်ထားသလို ရှိနေတာပဲ။ သူ့ကြောင့် ရွာသားတွေ မြွေကိုက်တဲ့ အန္တရာယ်မှ လွတ်ကင်းခဲ့တယ်။ ဒါကို ရွာထဲမှာ ရှိနေတဲ့ ဆေးဆရာက မကျေနပ်ဘူး ။ သူ့ကြောင့် ဆေးမကုရတော့ ဝင်ငွေမရ ဖြစ်လာတဲ့ အခါ အကောက်ကြံဖို့ ကြိုးစားခဲ့တယ်။ ပထမတစ်ကြိမ် လူမိုက်တွေနဲ့ သတ်ခိုင်းတယ်။ ဒါပေမဲ့ သူလွတ်သွားတယ်။ ဒုတိယအကြိမ် သူစားမယ့် အစားထဲကို အဆိပ်ခတ်တယ်။ ဒုတိယအကြိမ်မှာ ထူးဆန်းတာ တစ်ခုကို ရွာသားတွေ တွေ့လိုက်ရတယ်။ ဘာလဲဆိုတော့ အဆိပ်ပါတဲ့ အစားကို သူစားလိုက်ပေမဲ့ သူ့ကို အဆိပ်မသင့်တာပဲ။ ဒါကလည်း သူ့ရဲ့ အစွမ်းကြောင့်လို့ ပြောတယ်။ နှစ်ကြိမ်တိုင်တိုင် လုပ်ကြံတာကို ခံရတော့ သူ ရွာမှာ မနေတော့ဘဲ ထွက်သွားခဲ့တယ်။ သူထွက်သွားပြီး သိပ်မကြာခင်မှာ ပဲ ရွာကိုနောက်ထပ် လူတစ်ယောက် ထပ်ရောက်လာတယ် ။ သူလည်း အရင်လာတဲ့ သူလိုပဲ လျှာမှာ အစက်သုံးစက်ပါတယ်။ ဒါပေမဲ့ အကျင့်စရိုက်ခြင်းကတော့ ကွာတယ်။ ပထမဆေးဆရာက ရိုးသားသလောက် ဒုတိယ ရောက်လာတဲ့ သူက အကြံများ တယ်။ အဲဒီမှာ ရွာထဲက ဆေးဆရာက အနုနည်းနဲ့ ဝင်ကပ်ပြီး မိတ်ဆွေဖွဲ့ခဲ့တယ်။ သူတို့ နှစ်

ယောက် ပေါင်းပြီး ဆေးကုကြတယ်။ မြွေကိုက်ခံရလို့ ပိုက်ဆံ မရှိရင် အဲဒီလူက သေလူပဲ။ ပိုက်ဆံ ပေးနိုင်ရင်တော့ ဘယ်လိုမြွေမျိုးဖြစ်ဖြစ် သူကုနိုင်တယ်။ တစ်ရက်မှာ တော့ မြွေကိုက်ခံရတဲ့ လူနာတစ်ယောက် ရောက်လာတယ်။ အကိုက်ခံရတဲ့ သူက ဒီရွာက မဟုတ်ဘူး ။ ဒီရွာမှာ မြွေကိုက်တာကုတဲ့ ဆရာရှိတယ်ဆိုပြီး သတင်းကြားလို့ လာကုတာ။ အဲဒီလူနာကို မြင်တော့ သူ ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ ဘာလို့လဲဆိုတော့ မြွေကိုက်တဲ့ ဒဏ်ရာက သာမန်မြွေ ကိုက်သလို မဟုတ်ဘဲ မြွေစွယ်အရာ ပတ်ပတ်လည်မှာ မီးလောင်ထားသလို အရည်ကြည်ဖုတွေ ထနေတာပဲ။ ဒါကိုမြင်တော့ သူက မကုဘူးပြောတယ်။ အဲဒီမှာ လာကုတဲ့ သူတွေနဲ့ ပြဿနာ ဖြစ်ကြတယ်"